## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လွိုင်ကော်-ရှားတောမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

## လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ထီရိကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၀ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၁ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၂ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၄ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၂ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၄ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၇ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၉ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
ရှမ်းပြည်နယ်
စကေး – ၁လက်မ = ၄မိုင်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြခ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလပိုး ကျေးရွာအမည်-ထီရိ ရက်စွဲ ၁၂.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ထီရိကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလပိုးအုပ်စုအတွင်း တွင်တည်ရှိပါသည်။ ထီရိကျေးရွာ၏ မြောက်ဘက်တွင်တောင်ယာ၊ လယ်ယာ၊ တောင်ဘက်တွင် စက်မှုဇုံ၊ အရှေ့ ဘက်တွင် ကယန်းသာယာ (တောင်)ရေထွက်ပေါက်နှင့် အနောက်ဘက်တွင် သစ်ဆိပ်ရှိသည်။ ထီရိကျေးရွာကို မြန်မာသက္ကရာဇ် (၁၃၂၇) ခုနှစ်တွင် ဦးလွန်း နှင့် ဦးတီးတောင်းတို့ အိမ်ထောင်စု(၂) စုမှ စတင်အခြေချရွာတည် ကြသည်။ ဦးလွန်းမှာလင်ဖုန်ရွာမှ ပြောင်းရွှေ့လာပြီး ဦးတီးတောင်းမှ ဒေါတမမှပြောင်းရွှေ့၍ရွာလာတည်ကြခြင်းဖြစ်သည်။ "ထီရိ" ဟုအမည်သွင်ရခြင်းမှာ ရေထွက်ပေါက်ရှိ၍ "ပအိုဝ့်လို ထီး=ရေဟူသော အဓိပ္ပယ်ရပြီး ရိ=အိုး" ဟူဖြစ်၍ "ရေအိုး " ဟုအဓိပ္ပာယ်ရပြီး ထီရိဟု အမည်မှည့်သွင်ခဲ့ ခြင်းဖြစ်ပါသည်။

ထီရိကျေးရွာစတည်ချိန်မှစ၍ ယခုထိ ရွာသူကြီး၊ ရွာအုပ်ချုပ်သူ(၁၄) ဦးရှိပြီဖြစ်ပါသည်။ ထီရိကျေးရွာအနေဖြင့် တောင်ယာ၊ လယ်ယာ၊ ပြောင်း၊ ပဲစင်းငုံ၊ မြေပဲ တို့ကိုစိုက်ပျိုးကြ ပါသည်။ ထီရိကျေးရွာတစ်ရွာလုံးအနေဖြင့် တောင်ယာပိုင်ဆိုင်မှုမှာ ခန့်မှန်းခြေမှာ (၁၀၀) ဧက ခန့်ရှိပါသည်။ တစ်နှစ်ထွက်နှုန်းမှာခန့်မှန်းခြေ လယ်ယာစပါးတွင် (၁၀၀) တင်းဝန်းကျင်ခန့်ထွက် ပြီး တောင်ယာ စပါးမှာတင်း(၇၀)ဝန်းကျင်ခန့်ထွက်ပါသည်။ သို့သော်အနည်းအများအထွက် နှုန်းမှာ ရာသီဉတုပေါ်နှင့် မြေဩဇာထည့်ပေးမှုနှုန်းပေါ်မူတည်ပါသည်။ ပြောင်းအထွက်နှုန်းမှာ ခြံကျယ်ပါက ပိသာ(၁၀၀၀) ခန့်ထွက်ပြီးအလယ်အလတ်တွင် ပိသာ(၈၀၀)ခြံကျဉ်းပါက ပိသာ(၄၀၀၊၅၀၀)ခန့် ထွက်ပါသည်။ စပါး၊ ပြောင်းများမှာ ထွက်ချိန်တွင်ဝင်ငွေရသော်လည်း အရင်းအနှီး ချေးထားသော ကြောင့် အတိုးကိုသာပြန်ဆပ်ရခြင်းနှင့် ဓာတ်မြေဩဇာဖိုး ပြန်ဆပ်ရခြင်းကြောင့် ဝင်ငွေသိပ်မကျန်ပေ။ မြေပဲမှာမြေဆီမကောင်းသောကြောင့် အနည်းငယ်သာစိုက်ပျိုးကြသည်။ ထွက်နှုန်းလည်း မကောင်းပေ။ ပဲစင်းငုံမှာ (၁) နှစ် တောင်း (၄၀) (၅၀) ခန့်ထွက်ပါသည်။ ခြံအကျယ်၊ အနည်းအများပေါ်လည်း မူတည်ပါသည်။ ကြက်သွန်ကို အနည်းငယ်စတင်စိုက်ပျိုး လာပြီ ဖြစ်ပါသည်။

ထီရိရွာ၏ မွေးမြူရေးမှာ နွား၊ ဝက်နှင့် ကြက်များကိုမွေးမြူကြပါသည်။ တစ်ရွာလုံး၏နွား အကောင်ရေမှာ (၃၀) ခန့်ရှိပြီး ဝက်ကို (၆)အိမ်သာ မွေးမြူကြသည်။ ကြက်ကို မိသားစုတစ်နိုင် တစ်ပိုင် စားသောက်ဖို့ရန်အတွက်သာမွေးမြူကြသည်။ အလုပ်အကိုင်အနေဖြင့်လက်မှုပညာဖြင့် ဝမ်းရာရှာဖွေသူ များမှာ(၂)အိမ်ရှိပြီး ပုလိုင်း၊ ထရံများကိုပြုလုပ်ပြီးရောင်းချကြသည် ပရိဘောဂ ပြုလုပ်ပြီးဝမ်းစာရှာဖွေသူ (၁) အိမ်ရှိပါသည်။ ထီရိကျေးရွာနေဖြင့် ရေထွက်ပေါက်(၁)ခု ထီရိ ပိုင် သစ်တော (၁) ခုရှိပါသည်။

ထိီရိပိုင်သစ်တောမှာ(၁၀)ကေရှိပါသည်။ ကျန်းမာရေးအနေဖြင့် ဆေးခန်းပြချင်ပါက ကယန်းသာယာ (တောင်) ကျေးလက်ဆေးပေးခန်းတွင်သာ သွားရောက်ပြသကြ ပါသည်။

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း


ရာထူး - လူထုစည်းရုံးရေးမှူး( CF )

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၁၂.၁၀.၂၀၁၇ | ရပ်မိ၊ရပ်ဖ ကော်မတီဝင်များ | ၅၆ | ၁၈ | ၇၄ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂ | ဉစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက် (Wealth Ranking) | ၁၂.၁၀.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၅၆ | ၁၈ | ၇၄ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၂.၁၀.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၅၆ | ၁၈ | ၇၄ | အမျိုးသမီးနှင့်အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၁၂.၁၀.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၅၆ | ၁၈ | ၇၄ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၂.၁၀.၂၀၁၇ | အမျိုးသား၊ အမျိုးသမီးများ | ၅၆ | ၁၈ | ၇၄ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ( Venn Diagram) | ၁၂.၁၀.၂၀၁၇ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့ | ၅၆ | ၁၈ | ၇၄ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

## ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော် ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-ထီရိ  ရက်စွဲ -၁၂.၁၀.၂၀၁၇...



ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆ဦး

မ   - ၁၈ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ထီရိကျေးရွာတွင် အိမ်ခြေ (၉၅)အိမ် ရှိပါသည်။ တစ်ရွာလုံးမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ လူမျိုးစုအများစုမှာ ပအိုဝ့်လူမျိုးဖြစ်ပြီး အနည်းငယ်မှာဗမာလူမျိုးဖြစ်ပါသည်။ ထီရိကျေးရွာ၏ နေထိုင်ရာအဆောက်အအုံပိုင်းမှာ အုတ်ဖြင့်ဆောက်လုပ်ထားသော တိုက်အိမ်အနည်းငယ်ရှိသော်လည်းအများစုမှာထရံနှင့် ပျဉ်ထောင်အိမ်များဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိန်းလမ်းမကြီးသာအကောင်းဆုံးဖြစ်ပြီးဘုန်းကြီးကျောင်းလမ်းမှာရွာလမ်းကြားထဲတွင် အကောင်းဆုံးရွာလမ်းကြားဖြစ်ပါသည်။ ကျန်ရွာလမ်ကြားအားလုံးမှာမြေသားလမ်းများဖြစ်သော ကြောင့်မြေမညီညာဖြစ်ခြင်း၊ လမ်းမကောင်းခြင်းကြောင့် သွားလာရအလွန် ခက်ခဲ ပါ သည်။

ထီရိကျေးရွာ ရေအခြေအနေကို သုံးသပ်ကြည့်ရာတွင် ရွာဘုန်းကြီးကျောင်းတွင်း အဝီစိတွင်း(၁)တွင်းရှိပြီးစားသောက်ရန်အနည်းငယ်ခပ်ယူနိုင်ပါသည်။ သို့သော်လုံလောက်မှုမရှိပါ။ ထီရိနှင့်ကယန်းသာယာ(တောင်)ပူးတွဲပိုင်ဆိုင်သောရေထွက်ပေါက်တစ်ခုရှိပါသည်။ သို့သော် ပတ်ဝန်းကျင်ကျေးရွာများနှင့်အတူတတွအသုံးပြုရသောကြောင့် နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုလုံးဝမရှိသည့် အခက်အခဲကို ကြုံတွေ့နေရပါသည်။ ထီရိကျေးရွာမှ ရေထွက်ပေါက်သို့ သွားရာလမ်းအရှည်မှာ ပေ(၂၃၅၅ )ပေရှည်လျားပါသည်။ သွားလာရာတွင်လည်းလမ်းမကောင်းသောကြောင့် ရေသွားရောက်ခပ်ယူရန်ခက်ခဲပါသည်။ မိန်းလမ်းမမှ သွားရောက်ခပ်ရာတွင်လည်း ကလေးများအတွက်ကားများ၊ ဆိုင်ကယ်များ အန္တရာယ်ကို စိုးရိမ်ရပါသည်။

ထီရိကျေးရွာ၏ စိုက်ပျိုးရေးကို သုံးသပ်ကြည့်ရာတွင် ထီရိကျေးရွာ၏ အဓိကစိုက်ပျိုးရေး မှာ စပါး၊ ပြောင်း ၊ ပဲစင်းငုံ တို့ဖြစ်ပါသည်။ မြေပဲနှင့် ကြက်သွန်တို့ကိုလည်း အနည်းငယ်စိုက်ပျိုး ကြပါသည်။

ထီရိကျေးရွာ၏ အလုပ်အကိုင်ကို သုံးသပ်ကြည့်ရာတွင် တောင်ယာ လယ်ယာချိန်တွင် ထိုအလုပ်ကိုလုပ်ကိုင်ပြီး အလုပ်နားချိန်တွင်ရွာတွင်း၊ အုပ်စုအတွင်းပန်ရံလုပ်ခြင်း၊ လက်သမား၊ ခြံရှင်းစသည်တို့ကိုလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်းတစ်ချို့မှာ ထိုင်းနိုင်ငံသို့သွားရောက် လုပ်ကိုင်ကြပါသည်။လက်မှုလုပ်ငန်း၊ စျေးဆိုင်ရောင်းချခြင်းစသည်တို့ဖြင့် လည်းလုပ်ကိုင်ကြသူအနည်းငယ်ရှိပါသည်။ ထီရိပညာရေးကိုသုံးသပ်ရာတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပါသည်။ မူကြိုကျောင်းမှာ ဆောက်လုပ်ရန်နေရာနှင့် မဆောက်လုပ်နိုင်သေးသောကြောင့် ယခုထိတည်ဆောက်ခြင်းမရှိသေးပါ။ ထို့ကြောင့် မိဘများကတောင်ယာသို့ခေါ်သွား၍ ထိန်းရသောကြောင့် ကလေးများအတွက်မလိုလာအပ်သောအန္တရာယ်များကြုံတွေ့ရပါသည်။ မိဘများအနေဖြင့်လည်းအလုပ်ကိုကောင်းမွန်စွာမလုပ်ရပေ။ တစ်ချို့ကလေးငယ်များမှာ သူငယ်တန်းအပျော် ကျောင်းပျော် အနေဖြင့်သာသွားရောက်ထားကြပါသည်။

ဘာသာရေးအနေဖြင့် ထီရိတွင်ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း (၁)ကျောင်း ရှိပါသည်။ ထိုဘုန်းကြီးကျောင်းတွင် ရပ်ရွာအစည်းအဝေးပြုလုပ်ခြင်း၊ ပြင်ပအဖွဲ့အစည်းများမှလည်းအစည်းအဝေးသင်တန်းများ ပြုလုပ်ကြပါသည်။

ထီရိကျေးရွာအနေဖြင့်မူကြိုကျောင်းလိုအပ်သည်။ မူကြိုကျောင်းမရှိသည့် အတွက်ကလေးငယ်များကြောင့်အလုပ်အကိုင်ပျက်ခြင်းများကြုံတွေ့ရသည်။ စာသင်ကျောင်းသို့ တက်ရာတွင်လည်း ကလေးငယ်များ စာမလိုက်နိုင်ခြင်၊ နောက်ကျကျန်ခဲ့ပါသည်။ ကျေးရွာခန်းမဆောင်မရှိသည့်အတွက် အစည်းအဝေးများ၊ သင်တန်းများ ပြုလုပ်ရာတွင် ဘုန်းကြီးကျောင်း၌သာ ပြုလုပ်ရသည့်အတွက် ကျေးရွာခန်းမဆောင်လည်လိုအပ်ပါသည်။ ရေထွက်သွားရာလမ်းမှာ ကျေးရွာသားများအတွက်

များစွာအထောက်အကူပြုသောကြောင့် လမ်းပြုပြင်ရန် လိုအပ်နေပါသည်။ ကျေးရွာသားများလည်း ပြုပြင်ချင်သော ဆန္ဒများ ပြင်းပြနေပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် - လှိုင်ကော်  ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-ထီရိ  ရက်စွဲ-၁၂.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ် ၊ စတိုးဆိုင် ၊ လယ်ယာ (၅)ဧက အထက်၊ ထော်လဂျီ၊ ကိုင်းရှည် ၊ ဆိုင်ကယ် (၃)စီး ၊ တောင်ယာ (၁၅)ဧကအထက် ။ | **၁၀အိမ်** | **၁၀%** |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုး၊ တောင်ယာ (၅)ဧက အောက် ၊ ဆိုင်ကယ် (၁)စီး ၊ စက်ဘီး ။ | ၄၀အိမ် | ၄၁% |
| ဆင်းရဲ/နွမ်းပါး | ထရံအိမ် ၊ လယ်ယာမရှိ ၊ လက်လုပ်လက်စား ၊ သက်ကယ်မိုး ၊ စက်ဘီး။ | ၄၅အိမ် | ၄၇% |
| စုစုပေါင်း အိမ်ထောင်စု | | ၉၅အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၅၆ဦး

မ-၁၈ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ထီရိရွာ၏စုစုပေါင်း အိမ်ခြေမှာ (၉၅) အိမ်ရှိပါသည်။ ထီရိကျေးရွာကို လူတန်းစားအားဖြင့် အဆင့်(၃)ဆင့်ဖြင့်သုံးသပ်၍ သတ်မှတ်ထားကြသည်-

အဆင့် (၁) ချမ်းသာလူတန်းစား

အဆင့် (၂) အလယ်အလတ်လူတန်းစား

အဆင့် (၃) ဆင်းရဲလူတန်းစား ဟူ၍ဖြစ်သည်။

ချမ်းသာအဆင့်တွင်ရှိနေသောအိမ်ထောင်စု စုစုပေါင်း(၁၀)အိမ်ဖြစ်ပြီးရာခိုင်နှုန်း(၁၀%) ရှိပါသည်။ ချမ်သာအဆင့်တွင်ရပ်တည်နေရခြင်းမှာအလုပ်ကြိုးစားခြင်း၊ ခြံမြေများစွာပိုင်ဆိုင်ခြင်း၊ သီးနှံစုံလင်စွာစိုက်ပျိုးခြင်း၊ လယ်ယာ၊ တောင်ယာမြေများစွာပိုင်ဆိုင်နိုင်ခြင်း စသည်တို့ကြောင့် ချမ်းသာသောအဆင့်တွင်တည်ရှိနေရခြင်းဖြစ်ပါသည်။ ချမ်းသာအဆင့်တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေမှာ (၄၀မှ၅၀) အကြားငွေဝင်ပြီး ရာသီဥတုပေါ်မူတည်၍လည်း အနည်းအများကွာခြားသည်။

အလယ်အလတ်အဆင့်တွင်ရှိနေသော အိမ်ထောင်စု စုစုပေါင်းမှာ(၄၀)အိမ်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်(၄၁%)နှုန်းရှိပါသည်။ ထိုအဆင့်တွင်တည်ရှိနေရခြင်းမှာ စိုက်ပျိုးခြံနည်းပါးခြင်း၊ မိရိုးဖလာအလုပ်ကိုသာစွဲမြဲ၍လုပ်ကိုင်ကြခြင်း၊ ရပ်ရွာကိစ္စတွင်သာလုပ်ကိုင်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဝင်ငွေထွက်ငွေမကိုက်ညီခြင်းနှင့် မျိုးစေ့လုံလောက်မှုမရှိခြင်း စသည်အချက်များကြောင့်သုံးသပ်ရပါသည်။ အလယ်အလတ်အဆင့်၏ တစ်နှစ်ပတ်လုံးပုံမှန်ဝင်ငွေမှာ (၂၀မှ၁၅) အကြားငွေဝင် ပြီး ရာသီဥတုပေါ်မူတည်၍လည်း အနည်းအများကွာခြားသည် ။

ဆင်းရဲအဆင့်တွင် ရှိနေသော အိမ်ထောင်စု စုစုပေါင်းမှာ (၄၅)အိမ် ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်(၄၇%)ရာခိုင်နှုန်းရှိပါသည်။ ဆင်းရဲအဆင့်တွင် တည်ရှိနေရခြင်းမှာ စိုက်ပျိုးခြံလုံးဝမရှိခြင်း၊ အသိပညာနည်းပါးခြင်း၊ အတိုးပေါ်အတိုးဆင့်၍ ဆပ်နေရခြင်းနှင့် ဝင်ငွေနည်းပါးခြင်း စသည်တို့ကြောင့်သုံးသပ်ရပါသည်။ ပုံမှန်တစ်နှစ်ဝင်ငွေမရှိပေ အဘယ်ကြောင့်ဆိုသော် အတိုးဆပ်နေရတာနဲ့တင်ဝင်ငွေကုန်ပြီး မိသားစုစားဝတ်နေရေးအတွက်ပင်တစ်ခါတစ်ရံ အခက်အခဲဖြစ်တတ်ပါသည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | စိုက် | ပျိုး | | ပေါင်း | လိုက် → | ရိတ် | သိမ်း → | | | |
| ဝင်ငွေ/ထွက်ငွေ | | $ $ | $ $ | $ $ | $ $ | $ $ | $ $ | $ $ / $ $ | $ $$ / $ $ | $ $$ | $ $$ | |
| ကျန်းမာရေး | ဝမ်းပျက် | ဝမ်းလျော → | | | တုတ် | ကွေး → | နာစေး | ချောင်းဆိုး | တုတ်ကွေး | → | | |
| ပွဲလမ်းသဘင် | သင်္ကြန် ပွဲ | ကဆုန်ညောင်ရေသွန်း ပွဲ | | | | | သီတင်းကျွတ်ပွဲ | ကထိန်ပွဲ | | | | ကျောင်းတက်ပွဲ |
| သောက်သုံးရေရရှိမှု | | | | လုံ | လောက် | မှုရှိ → | | | | မလုံ | လောက် | → |
| အစားအစာဖူလုံမှု | → | | | | | | | | | အား | လပ်ချိန် | → |

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆ဦး

မ - ၁၈ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီစွင့်ပြ ပြက္ခဒိန် သုံးသပ်ချက်

ထိရိကျေးရွာအနေဖြင့် နယုန် ၊ဝါဆို ၊ ဝါခေါင်လများတွင် များကောင်းပြီး နတ်တော်၊ တပို့တွဲ၊ တပေါင်းလ များတွင် နေသာပြီး ပူအိုက်သောလများဖြစ်သည်။ ကျန်လများမှာ ပုံမှန် အတိုင်းသာ ဖြစ်သည်။ တစ်ခါတစ်ရံ မိုးကောင်း၍ မိုးပိုမိုရွာသွန်းပါက စပါး သီးနှံများ ပျက်ဆီး၍ အရှုံးပေါ်ပြီး အကြွေးများကြသည်။

စပါး နှင့် ပြောင်းနှင့် ပဲစင်းငုံတို့ကို နယုန်လ ၊ဝါဆိုလနှင့် ဝါခေါင်လများတွင် စတင် စိုက်ပျိုး ကြပြီး တော်သလင်းလ နှင့် သီတင်းကျွတ်လများအတွင် ပေါင်းလိုက် မြက်ရှင်းကြကာ တန်ဆောင်မုန်းလ နှင့် နတ်တော်လများအတွင် စတင် ရိတ်သိမ်းကြသည်။

ဝင်ငွေသော ကာလများမှာ တန်ဆောင်မုန်းလ အနည်းငယ်ငွေဝင်ပြီး နတ်တော်လ ၊ပြာသိုလနှင့် တပို့တွဲလများတွင် ဝင်ငွေဝင်မှုများ အများဆုံးဖြစ်သည်။ ဝင်ငွေဝင်မှုများသော်လည်း အတိုး အရင်းနီးများပေးရန်ချန်ရသောကြောင့် ကျန်ငွေအလွန်နည်းပါသည်။ ထွက်ငွေများမှာ လုပ်ငန်းများအတွက်မြေသြဇာများ၊ ဆေးများ၊ လုပ်သားများငှားရမ်းရသောကြောင့် တစ်နှစ်ပတ်လုံး ထွက်ငွေများ ရှိပါသည်။

တန်ခူးလ နှင့် ကဆုန်လတို့တွင် ကျေးရွာ၏ ဝမ်းပျက်ဝမ်းလျော အဖြစ်များသောလများ ဖြစ်ကြ သည်။ ထိုလများတွင် ပုံမှန်ရောဂါများ ဖြစ်ပွားကြသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ကျေးရွာအနေနှင့် အစားအစာသန့်ရှင်းမှုနည်းပါးခြင်းနှင့် ယင်လုံအိမ်သာများ ဖြစ်သော်လည်းသန့်ရှင်းမှု မရှိခြင်း တို့ကြောင့် ထိုသို့ ရောဂါများဖြစ်နေကြသည်ကိုဆန်းစစ်ရပါသည်။

သင်္ကြန်ပွဲကို တန်ခူးတွင် ကျင်းပကြသည်။ ကဋ္ဌာန်းပွဲကို ကဆုန်လတွင် ကျင်းပပြုလုပ်ကြသည်။ သီတင်းကျွတ်ပွဲကို သီတင်းကျွတ်လတွင် ရွာအနေဖြင့်လည်း ကျင်းပကြသည်။ တန်ဆောင်မုန်းလတွင်ကထိန်ပွဲကို ကျင်းပပြုလုပ်ကြသည်။ တပေါင်းလတွင် ပအိုဝ့်လူမျိုးေ ကျာင်းတက်ပွဲ ကိုကျင်းပပါသည်။ တစ်ရွာလုံးသာမက ရွာနီးပေါင်းချုပ်အနီးရှိ ကျေးရွာများသို့ သွားရောက်ကျောင်းတက်ခြင်းနှင့် မိမိကျေးရွာသို့ကျောင်းတက်ပွဲ အလှည့်ကျပါက ကျန်ကျေးရွာများက မိမိကျေးရွာလာရောက် ကျောင်းတက်ပါက တစ်ရွာလုံးကလာရောက်သော ဧည့်သည်များကို ထမင်းများ ဖြင့် တည်ခင်းဧည့်ခံကြသော ပွဲဖြစ်ပါသည်။

နယုန်လ မှ တော်သလင်းလအထိ ရေလုံလောက်မှုရှိပြီး ပြာသိုလ မှ တပေါင်းလ အတွင်း ရေရှားပါးကြသည်။ ကျန်လများမှာ မိုးရေခံများရှိခြင်း၊ ဘုန်းကြီးကျောင်းဝင်းအတွင်း အဝီစီတွင်းမှ သောက်သုံးရေ ရရှိမှုများကြောင့်အဆင်ပြေသည်။ ရေရှားပါးချိန်တွင် ဒုက္ခများပြားစွာ ကြုံတွေ့ရပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ကိုင်းရှည် | အပ်ချုပ်စက် | ရေထွက်ပေါက် |
| ထော်လဂျီ | | အဝီစိတွင်း |
| ပြောင်းချွေးစက် | | ဖုန်း/TV/EVD |
| | | သစ်တော |
| | | ဘုန်းကြီးကျောင်း |
| | | ဆိုင်ကယ်/စက်ဘီး |
| | | တောင်ယာ၊လယ်ယာ |
| | | ရေထွက်ပေါက် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆ဦး

မ - ၁၈ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

**ကျား**

- ကိုင်းရှည်
- ထော်လဂျီ
- ပြောင်းချွေစက်
- ရေထွက်ပေါက်

**မ**

- အပ်ချုပ်စက်

**ကျား + မ**

- အဝီစိတွင်း
- ဖုန်း/TV/EVD
- သစ်တော
- ဘုန်းကြီးကျောင်း
- ဆိုင်ကယ်/စက်ဘီး
- တောင်ယာ၊လယ်ယာ
- ကား
- ဆိုင်ကယ်

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆ဦး

မ - ၁၈ဦး

မှတ်တမ်းတင်သူ


အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

အရင်းအမြစ်ထိန်းချုပ်မှုတွင် အမျိုးသမီးများမှာ အပ်ချုပ်စက်ပင်ဖြစ်ပါသည်။ အမျိုးသားများမှာ ထော်လဂျီ၊ ကိုင်းရှည် ၊ရေထွက်ပေါက် တို့ဖြစ်ပြီးဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ တောင်ယာ၊ လယ်ယာ၊ ကား၊ ဖုန်း/TV/EVD၊ ဆိုင်ကယ်၊ လမ်း၊ ဖုန်း၊ အဝီစီတို့ကို အတူတကွ ထိန်းချုပ်ကြပါသည်။ အမျိုးသမီးများအနေဖြင့် ထိန်းချုပ်မှုနည်းရခြင်းမှာအစဉ်အလာအရ အမျိုးသားများကိုသာအရာအားလုံး ထိန်းချုပ်ရမည်ဟု ယူဆထားသောကြောင့် နှင့် ရှေးအယူအဆ အတွေးအခေါ်များကိုကျင့်သုံးနေသေးသောကြောင့်ဖြစ်ပါသည်။ အမျိုးသားများအနေဖြင့် အရင်းအမြစ်များကို ပြုပြင်ခြင်း နှင့် ဆုံးဖြတ်ခြင်းတို့ကို ဦးဆောင်လုပ်ကိုင်ကြပါသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆

မ - ၁၈

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

ထီရိကျေးရွာ၏ အမျိုးသားနှင့် အမျိုးသမီး ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသမီးများ ထက် အမျိုးသားများ ပိုမိုများရခြင်းမှာ အမျိုးသားများမှာ အိမ်ထောင်ဦးစီး ဖြစ်ခြင်း ၊ အမျိုးသား၏ ဆုံးဖြတ်ချက်အတိုင်းသာ လုပ်ဆောင်ကြခြင်းနှင့် အမျိုးသမီးကိုယ်တိုင် ဆုံးဖြတ်ချက်ရာတွင် မှားယွင်းသွားမည်ကို စိုးရိမ်သောကြောင့် အမျိုးသားများ၏ ဆုံးဖြတ်ချက်အတိုင်းသာ နေထိုင်ကြ သည်။

လုပ်အားခတန်းတူရရှိမှုတွင် အမျိုးသားများ အမျိုးသမီးထက် ပိုမိုများနေရခြင်း အကြောင်း မှာ အမျိုးသားများ အလုပ်လုပ်ကိုင်ရာတွင် ပိုမိုသန်စွမ်းခြင်း၊ ကာယခွန်အား ပိုမိုများပြားခြင်း တို့ ကြောင့်ဖြစ်သည်။ တစ်ချို့သော အလုပ်တွင် အမျိုးသမီးများ အမျိုးသားများတန်းတူရရှိမှု ရှိသော်လည်း ရှားပါးပါသည်။

ဦးဆောင်ခွင့်တွင် အမျိုးသားများ ပိုမိုဦးဆောင်ခွင့်ရခြင်းမှာ မိရိုးဖလာ အစွဲအရ သော်လည်းကောင်း၊ လူမျိုး၏ ထုံးတမ်းဓလေ့အရသော်လည်းကောင်း အမျိုးသားများသာ ကိစ္စအရပ်ရပ် ကို ဦးဆောင်လာခဲ့ကြခြင်း၊ အမျိုးသမီးများ အနေဖြင့်နှင့် ဦးဆောင်ခြင်သော ဆန္ဒနည်းပါးပြီး ဦးဆောင်ဖို့ရန်လည်း ကြောက်ရွံ့နေကြ ခြင်း တို့ကြောင့်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများ ပိုမိုအဆင့်များရခြင်းမှာ အမျိုးသား အနေ ဖြင့် မည်သည့် အလုပ်အကိုင် မဆို လုပ်ကိုင်ရန် အဆင်ပြေခြင်း ၊ မိမိ ကျေးရွာတွင် အလုပ်အကိုင် ရှားပါးပါက ရွာနီးနားတွင် သွားရောက်လုပ်ကိုင်နိုင်ကြပြီး အမျိုးသမီးများ အနေနှင့် ကျေးရွာအတွင်းသာ လုပ်ကိုင်နိုင်ကြသည်။ ကာယခွန်အား အနေနှင့်လည်း ပိုမိုအားကောင်းသော ကြောင့် အမျိုးသားများအတွက် အလုပ်အကိုင်ပိုမို များပြားပါသည်။


အိမ်တွင်းမှုတွင် အမျိုးသမီးများ၏ သဘာဝအရ အိမ်မှုကိစ္စကို မဖြစ်မနေ လုပ်ကိုင်ရမည် သော အစွဲရှိသောကြောင့်သော်လည်းကောင်း ၊ ရှေ့ရိုးဆန်သော ပတ်ဝန်းကျင်၏ အပြောအဆိုများ ကြောင့် အယူအဆများကြောင့် အိမ်မှုကိစ္စများတွင် အမျိုးသမီးများသာ လုပ်ကိုင်ကြခြင်း ခြင်းဖြစ် သည်။

ပူးပေါင်းပါဝင်ခွင့်တွင် အမျိုးသားများမှာ အမျိုးသမီးနှင့် ကွာခြားမှုမရှိပေ။ လူမှုရေးကိစ္စများ ၊ သာရေး နာရေး၊ ဘုန်းကြီးကျောင်းတက် ၊ရပ်ရွာကိစ္စများတွင် အတူတကွ ပူးပေါင်းပါဝင် လုပ်ကိုင် ဆောင်ရွက်ကြသည်။ပူးပေါင်းပါဝင်ခွင့်တွင် အများအားဖြင့် ကွာခြားမှု သိပ်မများသော်လည်း အမျိုးသားများ အချို့မှာ အမျိုးသမီးများကို အိမ်မှာသာနေခိုင်းပြီး ရပ်ရွာကိစ္စနှင့် အချို့ကိစ္စများတွင် ပူးပေါင်းပါဝင်ခွင့် မပေးကြပေ။

ပညာသင်ကြားခွင့်တွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူ အခွင့်အရေးရကြ ပြီး ယခင် ကဲ့သို့ အမျိုးသမီးများကို ပညာသင်ခွင့် ပိတ်ပင်ထားခြင်း မရှိတော့ဘဲ ယခုအခါ တန်းတူအခွင့် အရေး ရကြပါသည်။ ယခုအခါ အမျိုးသမီးများမှာ အမျိုးသားထက် ပိုမိုထူးချွန်ကြပြီး ပညာ သင်ကြားမှု ပိုမိုများပြားကြပါသည်။ အမျိုးသားများမှာ ပညာသင်ခြင်စိတ်နည်းပါးခြင်း၊ အလုပ် ကိုသာ လုပ်ကိုင်ကြခြင်းကြောင့် ယခုအခါ ပညာသင်ကြားသူ နည်းပါးလာကြသည်။

အမွေရပိုင်ခွင့်တွင် ပအိုဝ့်လူမျိုးများနေဖြင့် အမျိုးသား အမျိုးသမီး ခွဲခြားခြင်း မရှိဘဲ တန်းတူအမွေရပိုင်ခွင့်ကို ရရှိကြသည်။ အမွေကိုပိုင်ဆိုင်လိုခြင်းစိတ်ထက် ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားအားထုတ်မှုကိုသာ ပိုမိုမြတ်နိုး တန်ဖိုးထားကြသည်။

### အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




**ပါဝင်ဆွေးနွေးသူ -** **မှတ်တမ်းတင်သူ**

ကျား - ၅၆ အမည်- ဒေါ်ခင်မြိုင်ဝင်း

မ - ၁၈ ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

ထိရိကျေးရွာ၏ ကျေးရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း များစွာရှိပါသည်။ ကျေးရွာအတွင်း အဓိကအဖွဲ့အစည်းမှာ အဖွဲ့အစည်းမှာ အုပ်ချုပ်ရေးမှူး အဖွဲ့ဖြစ်ပြီး ထိုအဖွဲ့သည် ကျေးရွာ၏ အာဏာအရှိဆုံး ဩဇာအညောင်း ဆုံးအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ကျေးရွာအကျိုးကို အတူတကွ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ ပြဿနာများကို အဖွဲ့ဝင်များက စည်းလုံးစွာတိုင်ပင်ညှိနှိုင်းဖြေရှင်း ပေးကြသည်။သာရေးနာရေး ကိစ္စရပ်များ တွင်လည်း ကျေးရွာနှင့် အတူပါဝင် ဆောင်ရွက်ပေးသည်။

ကျေးရွာအတွင်းလူငယ်အဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ လူငယ်များ အနေဖြင့် ရပ်ရွာလုပ်အားပေးများ၊ ဧည့်ခံကျွေးမွေးရေးနှင့် သာရေး ၊နာရေးများတွင် အဓိကဝိုင်းဝန်းကူညီကြသည်။ ရိုးရာပွဲလမ်းသဘင်ပွဲတော်များတွင် လူငယ်များက ရိုးရာအကများကိုလည်း ဦးဆောင်ပြီး ကကြပါသည်။

ကျေးရွာအတွင်းစာသင်ကြားသော ကလေးများကို ဆော်ဩစည်းရုံးပေးခြင်း နှင့် ပညာသင်ကြားဖို့ရန် ပြောဆိုပေးပါသည်။ ဆရာ၊ ဆရာမများလိုအပ်သောကိစ္စရပ် များကိုလည်း လုပ်ဆောင်ပေးပါသည်။ အဖွဲ့ဝင်များ ပုံမှန်တွေ့ဆုံပြီးကျေးရွာပညာသင်ကြားနေသော ကလေးများ အတွက်လည်း တိုင်ပင်ဆွေးနွေးခြင်းကို ပြုလုပ်ကြပါသည်။

ဘာသာရေးအဖွဲ့အနေဖြင့် ကျေးရွာဘာသာရေးကိစ္စများကို ဆော်ဩ၍ အစည်း အဝေးကျင်းပပေးခြင်း ၊ ဘုန်းကြီးကျောင်းတွင် လိုအပ်သော ကျောင်းဝေယျာဝိစ္စ ကိစ္စများ အားလုံးကို တာဝန်ယူ ဆောင်ရွက်ပေးပါသည်။

ထိုစီမံကိန်းများအနေဖြင့် ကျေးရွာအတွင်းလိုအပ်သော အခြေခံအဆောက်အအုံ များကို ဆောက်လုပ်ပေးပြီး ကျေးရွာလူထု အသိပညာ အရည်အသွေး တိုးတက်လာဖို့ ရန်အတွက် သင်တန်းပေးပြီး ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ကြပါသည်။

ယခုအခါ ကျန်းမာရေးအဖွဲ့များ စတင်ဝင်ရောက်လာပြီး ကလေးများ ကိုကြည့်ရှုပေးပြီး ခြင်ထောင်များကို ဝေငှာပေးပါသည်။ ယခင်က UNDP အဖွဲ့အစည်း ဝင်ရောက်မှုရှိခဲ့သော်လည်း ယခုအခါထိုကော်မတီများဆက်လက်လုပ်ဆောင်ခြင်းများမရှိတော့ပေ။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

ကျေးရွာစီထောက်ကော်မတီဥက္ကဌ

၁။ဦးစန်းအေး

၂။ဒေါ်နန်းဟန်သဲ

ကျေးရွာစေတနာ့ဝန်ထမ်း

၁။မောင်သိန်းထွေး

၂။မချယ်ရီ

စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ

၁။ဦးကျော်သိန်း

၂။ဒေါ်ငွေလှ

လည်ပတ်ထိန်းသိမ်းရေးကော်မတီ

၁။ဦးကျော်ညွန့်

၂။ဒေါ်ခမ်းစိန်

ဝယ်ယူရေးကော်မတီ

၁။ဦးမောင်ငွေး

၂။ဒေါ်အုန်းရင်

ဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအ

၁။ဦးရန်အောင်

၂။ဒေါ်မရီ

ငွေစာရင်းကိုင်

၁။ဦးမောင်ဦး

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆


မ- ၁၈

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ -
ကျား -၅၆
မ-၁၈

မှတ်တမ်းတင်သူ
အမည်- ဒေါ်ခင်မြိုင်ဝင်း
ရာထူး-လူထုစည်းရုံးရေးမှူး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးထွန်းလှိုင် | 0949672519 | |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | လွိုင်ကော် | နွားလဒိုး | ထီရို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ယဒိုဂ် | 83 | ဘာသာ (၁) ဗုဒ္ဓ | 83 |
| လူမျိုးစု (၂) ဗမာ | 12 | ဘာသာ (၂) ဗုဒ္ဓ | 12 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 20 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 222 | 216 |
| လူမျိုးစု (၁) ယဒိုဂ် | 183 | 192 |
| လူမျိုးစု (၂) ဗမာ | 39 | 24 |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 88 | 7 |

ပေါင်း = 438

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | [ကတ္တရာလမ်း] | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — [ရှိပါသည်]/မရှိပါ/မသိပါ UNDP

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ (2005 - 2006)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — [ပြုခဲ့ပါသည်]/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် -- -/မသိပါ 0.75 မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---လေပြင်း တိုက်ခိုက်ခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ရွာကော်မတီအဖွဲ့အစည်း---

(၂) ---လူငယ်အဖွဲ့အစည်း---

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦး ထွန်းလှိုင် | |
| | လက်မှတ် [signature] | နေ့စွဲ 9.10.2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်ခင်မြင့်ဝင်း | |
| | လက်မှတ် [signature] | နေ့စွဲ 9.10.2017 |

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြိုင်ဝင်း | | | |
| နေ့စွဲ 12 . 10 . 2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလဲ့ | ကျေးရွာ ထီရို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 12.10.2017 | 12.10.2017 | 56 | 18 | 74 | ပအို့(68) ယောက် ဗမာ (6 ယောက်) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 12.10.2017 | 12.10.2017 | 56 | 18 | 74 | ပအို့(68) ယောက် ဗမာ (6 ယောက်) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.11.2017 | 10.11.2017 | 43 | 33 | 76 | ကယား(28) ပအို့(25) ကရင်(6) ကယန်း(12) ရှမ်း(3) ဗမာ(2) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု မကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြိုင်ဝင်း | | | |
| နေ့စွဲ 12.10.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √□ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလားဦး | ကျေးရွာ ထိရိ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေသွားရောက်ခပ်ယူရာတွင် ခက်ခဲ၊ ကားလမ်းမနှင့် သွားလျှင် ကလေးများ အတွက် အန္တရာယ်များ။ | ၁ | ကလေးများ ထိန်းနေရသောကြောင့် အလုပ်ကောင်းစွာ မလုပ်ကိုင်ရ။ |
| ၂ | ရေလုံလောက်မှုမရှိ၊ ရေကြီးရာ ရေဝယ်ယူရ။ | ၂ | ရေလုံလောက်မှုမရှိ၊ ရေဝယ်ရာတွင် ဈေးကြီးပေးရ၊ |
| ၃ | စာသင်ကျောင်း ထိုင်ခုံ မှုမရှိ၊ မှုပမှုမရှိ၊ ကျွဲ၊ နွား များဝင်ရောက်မှုကြောင့် ကျောင်းများပျက်စီး။ | ၃ | ရေကူးပါး၊ သွားခပ်ရာတွင် ဝေးသောကြောင့် ထမင်းဟင်း ချက်ရာတွင် ခက်ခဲ၊ လမ်းမကောင်းသောကြောင့် |
| ၄ | လူငယ်များ စုစားဖို့ ခက်ခဲ၊ အစည်းအဝေးလုပ်ရန် နေရာမရှိ။ | ၄ | ကလေးများ အတွက် အန္တရာယ်များ။ ကျန်းမာရေး ကိစ္စများတွင် အခက်ခဲ။ |
| ၅ | လျှပ်စစ်မီးသွယ်မှုများပျက်ရာတွင် မြို့ တက်ပြင်ရ | ၅ | ကျန်းမာရေး ကိစ္စများတွင် အရေးပေါ်ကိစ္စများ အတွက် |
| ၆ | သောကြောင့် ကုန်ကျစရိတ်ပိုမိုများပြား။ | ၆ | နောက်ကျသောကြောင့် အသက်အန္တရာယ်များ။ |
| ၇ | စိုက်ပျိုးရန် အကျိုးအမြီးမရှိသောကြောင့် ပိုက်ဆံ | ၇ | အသက်မွေးဝမ်းကျောင်းလုပ်ငန်း မရှိသောကြောင့် ဝင်ငွေနည်း |
| ၈ | ချေးရ၊ အတိုးတက်ပြီး ဝင်ငွေမရှိ။ | ၈ | ပါး။ |
| ၉ | | ၉ | |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာ မှ ရေတွင်း တစ်ရွာသွယ်တန်း ယူနိုင် ရန် နှင့် သွား ရာလမ်း ပို မို ကောင်းမွန်လာစေချင် | ၁ | ကလေးငယ်များ ထိန်းကျောင်းပေးမည့် မိခင်ဝိုင်း သကဲ့သို့ ကျောင်းရှိဖို့ရန်။ |
| ၂ | ရေလုံလောက်စွာ သုံးခွဲလာနိုင်ဖို့ ရန်။ | ၂ | သောက်သုံးရေ အခက်အခဲမှ ရှိရန်။ |
| ၃ | ပညာ ရေး ကောင်းမွန် လာစေရန် နှင့် စည်းကမ်း ရှိသော ကျောင်း ဖြစ်လာဖို့ ရန်။ | ၃ | ကျေးရွာ မှ ရေတွင်းပေါက် သို့ ရွာတွင်းလမ်းကောင်း မွန် လာစေရန်။ |
| ၄ | လျှပ်စစ်မီး နှင့် နည်းပညာ ကျွမ်းကျင်သူ ရွာထဲ တွင် တိုးလာဖို့ ရန်။ ရှိဖို့ ရန်။ | ၄ | အရေးပေါ် အခြေ အနေတွင် လျင်မြန်စွာ၊ ထိရောက်စွာ ကုသနိုင်ရန်။ |
| ၅ | စိုက်ပျိုးရေးကိုကောင်းမွန်စွာ လုပ်ကိုင်လာနိုင်မည်။ | ၅ | အလုပ်အကိုင် အခွင့် အလမ်းရရှိရန်။ |
| | | ၆ | |
| | | ၇ | |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောင်းခြံစည်းရိုးကာရံခြင်း | ကျား | | |
| ၂ | မူကြိုကျောင်း တည်ဆောက်ခြင်း | မ | | |
| ၃ | အဝီစိ တွင်းတူးပေးခြင်း | ကျား + မ | | |
| ၄ | ရွာတွင်းမှရေထွက်ပေါက်ထိ ကျောက်ချောလမ်း | ကျား + မ | | |
| ၅ | | | | |
| ၆ | | | | / |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်ပစ္စည်း သင်တန်းပေးခြင်း။ | က | |
| ၂ | စိုက်ပျိုးရင်းနှီးငွေ ထုတ်ချေးပေးခြင်း။ | က + မ | |
| ၃ | ဆေးပေးခန်း ဆောက်လုပ်ပေးခြင်း နှင့် ဝန်ထမ်းများချပေးခြင်း။ | မ | |
| ၄ | အပ်ချုပ်သင်တန်း၊ ယက်ကန်းသင်တန်းပေးခြင်း။ | မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးစန်းငွေ ---------- လက်မှတ် စန်းငွေ ---------- နေ့စွဲ 12.10.2017

## လူထုဇဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာ - ထီရိ

နေ့ရက် - ၁၂.၁၀.၂၀၁၇( ကြာသပတေး )

နေရာ - ထီရိဘုန်းကြီးကျောင်း

**အစည်းအဝေးအစီအစဉ်**

(၁)--အဖွင့်အမှာအစကားကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ ပြောကြားခြင်း။

(၂)--လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

(၃)--စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်းအကြောင်းရှင်းလင်း ခြင်း။

(၄)--လူမှုဆန်းစစ်ခြင်းများ ပြန်လည်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်း။

(၅)--ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြုဖွဲ့စည်းခြင်း။

(၆)--ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း။

(၇)--လက်ထောက်အင်ဂျင်နီယာမှူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင်
လုပ်ငန်းများရှင်းလင်းတင်ပြခြင်း။

(၈)--ကျေးရွာတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။

**အစည်းအဝေးတက်ရောက်သူဦးရေ**

**အမျိုးသား = ၅၆ ယောက်**

**အမျိုးသမီး =၁၈ ယောက်**

**စုစုပေါင်း =၇၄ ယောက်**

**အစီအစဉ်(၁)** ကို နံနက် (၉ ၀၀)တွင်စတင်ကျင်းပပါသည်။ အဖွင့်အမှာစကားကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလှိုင်မှ အဖွင့်အမှာစကားပြောကြားပေးပါသည်။ (ပအို့ဝ်ဘာသာစကားဖြင့်) လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။ ထို့နောက်တက်ရောက်လာသော ကျေးရွာများစုပေါင်းမှတ်တမ်း ဓာတ်ပုံကို ရိုက်ကူးခဲ့ကြပါသည်။

**အစီအစဉ် (၂)** ကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းမိတ်ဆက်(၁၅)ချက်ကို ဦးဆောင်ပြီး ရှင်းလင်းပေးခဲ့ပါသည်။ လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါသည်။

**အစီအစဉ် (၃)** လူထုစည်းရုံးရေးမှူး ဒေါ်လှစီးယာမှ စီမံကိန်းစက်ဝန်း အကြောင်းကို ရှင်းလင်းပြောကြားပေးခြင်း နှင့် လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၄)** လူမှုဆန်းစစ်ခြင်းကို ဒေါ်လှစီးယာ နှင့် ဒေါ်ခင်မြိုင်ဝင်းတို့ မှဦးဆောင်၍

**၁။ လူမှုဆန်းစစ်ခြင်းပြမြေပုံကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

## ပြန်လည်သုံးသပ်ချက်

ထီရိကျေးရွာ၏ အိမ်ခြေမှာယခင်နှစ်အတိုင်းပြောင်းလဲမှုမရှိဘဲ အိမ်ခြေ(၉၅)အိမ် ရှိပါသည်။ ထီရိကျေးရွာ တွင် အမျိုးသား (၂၂၂)နှင့် အမျိုးသမီး (၂၁၆)ဦး စုစုပေါင်း (၄၃၈)ဦးနေထိုင်ပါသည်။ မသန်စွမ်း (၂)ဦးနေ ထိုင်ကြပါသည်။ တစ်ရွာလုံး ပအိုဝ့်လူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပြောင်း ၊ပဲစင်းငုံနှင့် မြေပဲတို့ကို စိုက်ပျိုးကြသည်။ မြေသားလမ်းများဖြစ်သော ကြောင့် မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲပါသည်။ ယခုနှစ်မှာလူထုဗဟိုပြုစီမံကိန်းမှ ရွာတွင်း လမ်း ပြုလုပ်ပေးသောကြောင့် ဘုန်းကြီးကျောင်းသွားလာ ရာတွင်လွယ်ကူပြီး အဆင်ပြေလှပါသည်။ မူကြိုကျောင်းမရှိသေးကြောင့် အမျိုးသမီးများ ကောင်းမွန်စွာအလုပ်မရသောကြောင့် မူကြိုကျောင်း အလွန်လိုအပ်လျက်ရှိပါသည်။ မူလတန်းကျောင်းတစ်ကျောင်းနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါသည်။ယခုနှစ်တွင် အုတ်ကန်တစ်ခုတိုးလာပါသည်။ ရေထွက်ပေါက်တစ်ခုရှိသော်လည်း နွေရာသီတွင် ရေလုံလောက်မှုမရှိသေးပါ။

**(၂) ဥစ္စာဓနကြွယ်ဝမှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

ယခုနှစ်တွင် ထီရိကျေးရွာအနေဖြင့် ချမ်းသာအဆင့်တွင် လယ်ယာ (၅)ဧက မှလယ်ယာ(၃)ဧကအထိ လျော့နည်း သွားပြီး ဆိုင်ကယ် (၁)စီးမှ (၃)စီး တိုးလာကာ တောင်ယာဧက (၁၅)ဧကအထက်ရှိသူကို ချမ်းသာအဆင့်အဖြစ်ထားရှိရန်နှင့် အိမ်ခြေမှာ ယခင်နေ့အတိုင်းဖြစ်ပါသည်။ အလယ်အလတ်တွင်

လည်း တောင်ယာ (၃)ဧကမှ (၅)ဧကတိုးလိုက်ပြီး အိမ်ခြေမှာ (၂၅)အိမ်မှ (၄၀)အိမ်အထိတိုးလာပြီး ဆင်းရဲနွမ်းပါးတွင် အိမ်ခြေ(၆၀)မှ (၄၅)အိမ်လျော့နည်းသွားကြောင်းသုံးသပ်ရရှိခဲ့ပါသည်။

**(၃) အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

ယခင်နှစ်အတိုင်းပြောင်းလဲမှုမရှိကြောင်းတွေ့ရှိရပါသည်။

**(၄) ရာသီခွင်ပြ ပြက္ခဒိန်ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

ရာသီဥတု၊စိုက်ပျိုးရေး၊ဝင်ငွေထွက်ငွေ၊ကျန်းမာရေး၊သောက်သုံးရေ၊အားလပ်ချိန်တို့မှာ ယခင်နှစ်အတိုင်းပြောင်းလဲမှုမရှိဘဲ ပွဲလမ်းသဘင်တွင် တန်ခူးတွင် သင်္ကြန်ပွဲ နှင့် ကဆုန်တွင် ကဌန်းပွဲများကိုသာ ထပ်တိုးခဲ့ပါသည်။

**(၅) ပင့်ကူအိမ်သုံးသပ်ခြင်း ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

အမွေရပိုင်ခွင့် ၊ ပညာသင်ကြားခွင့်၊နှင့် အလုပ်အကိုင်အခွင့်အလမ်းတို့မှာ ယခင်နှစ်အတိုင်းသာဖြစ်ပြီး အိမ်တွင်းမှုတွင် အမျိုးသားများ ယခင်နှစ်တွင် အဆင့် (၂)အဆင့်တွင်သာရှိပြီး ယခုနှစ်တွင် အဆင့် (၆)အဆင့်အထိတက်လာပြီး အမျိုးသမီးများသည်လည်း ယခင်နှစ်အဆင့်(၁၀)တွင်ရှိသော်လည်း ယခုနှစ်တွင် အမျိုးသား များ လုပ်ကူလာမှု ကြောင့် အဆင့်(၆)ပြန်ကျကာ အမျိုးသားများနှင့် တန်းတူအဆင့်တွင်ရှိလာပါသည်။ ပူးပေါင်းပါဝင်ခွင့်တွင် ယခင်နှစ်တွင်အဆင့်(၅)တွင်သာရှိပြီး ယခုနှစ်တွင် အမျိုးသားနှင့်တန်းတူအဆင့်(၆)တွင်ရှိပါသည်။ ဆုံးဖြတ်ပိုင်ခွင့်တွင်ယခင် အဆင့်(၂)မှ ယခုနှစ်တွင်အဆင့် (၅)တွင်တိုးလာကာ လုပ်အားခတွင်လည်း ယခင်နှစ်တွင် အဆင့်(၅)မှ ယခုနှစ်တွင် အမျိုးသားတန်းတူ အဆင့် (၉)တွင်ရှိလာပြီး ဦးဆောင်ခွင့်တွင် ယခင်နှစ် အဆင့်(၄)မှ အဆင့်(၈)အထိ တက်လာပါသည်။

**(၆) အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

အနည်းငယ်ပြောင်းလဲမှုမှာUNDP နှင့် DRCတို့မှာ ၂၀၀၅-၂၀၀၆တွင်တွင်ရောက်မှုရှိပြီး Save the Children မှာ ကျန်းမာရေးနှင့် ပက်သက်ပြီး ယခုနှစ်မှ စတင်ဝင်ရောက်လာသည်။

မျှော်မှန်းလျာထားချက်များ

**အမျိုးသား**

(၁)ရေထွက်ပေါက်မှ ကျေးရွာထိ ကျောက်ချောလမ်းပြုပြင်ခြင်း။

(၂) အဝီစီတွင်းတူးခြင်း။

(၃) စာသင်ကျောင်း ခြံစည်းရိုးတည်ဆောက်ခြင်း။

(၄) လူငယ်ရိပ်သာတည်ဆောင်ခြင်း။

(၅) လျပ်စစ်ပစ္စည်းသင်တန်းပေးခြင်း။

(ဖုန်းပြင်သင်တန်း)

(၆) စိုက်ပျိုးရင်းနှီးငွေရရှိဖို့ရန်နှင့် ရင်းနှီးငွေထုတ်ပေးခြင်း။

**အမျိုးသမီး**

(၁) မူကြိုကျောင်းတည်ဆောက်ခြင်း။

(၂) အဝီစီတွင်းတူးခြင်း။

(၃) ရေထွက်ပေါက်မှ ကျေးရွာထိ ကျောက်ချောလမ်းပြုပြင်ခြင်း။

(၄) ဆေးပေးခန်းဆောက်လုပ်ပေးခြင်းနှင့် ဝန်ထိမ်းများချပေးရန်။

(၅) အပ်ချုပ်သင်တန်း ၊ လက်မှုသင်တန်းပေးရန်။

## ဒုတိယနှစ်စက်ဝန်းအတွက် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ဦးစားပေးလုပ်ငန်းအမည် | အဆိုပြုသူ(က+မ) | အဆင့် |
|---|---|---|---|
| ၁ | ကျောင်းခြံစည်းရိုးကာရံခြင်း | က | ၁ |
| ၂ | မူကြိုကျောင်းတည်ဆောင်ခြင်း | မ | ၂ |
| ၃ | အဝီစီတွင်းတူးပေးခြင်း | က+မ | ၃ |
| ၄ | ရွာတွင်းမှ ရေထွက်ပေါက်ထိကျောက်ချောလမ်း | က+မ | ၄ |

**(၇)--လက်ထောက်အင်ဂျင်နီယာမှုးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။**လက်ထောက်အင်ဂျင်နီယာမှူး ဒေါ်နော်စတယ်ဖီဟယ်စေးထူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။

**(၈)--ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။**

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ်မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | မူကြိုကျောင်း တည်ဆောက်ခြင်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး ကာရံခြင်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | ရွာတွင်းမှ ရေထွက်<br>ပေါက်လမ်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၂ | အဝီစိတွင်းတူးပေး ခြင်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူငယ်ရိပ်သာတည်ဆောက်ခြင်း | ၁ | | | √ | |
| ၂။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ၂ | | √ | | |
| ၃။ | မူကြိုကျောင်းအသစ်တည်ဆောက်ခြင်း | ၃ | √ | | | |
| ၄။ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | ၄ | | | √ | |
| ၅။ | ရေနုတ်မြောင်းနှင့်ရေကျော်တံတား | ၅ | √ | | | |
| ၆။ | အဝီစိတွင်းတူးခြင်း | ၆ | | | √ | |
| ၇။ | ဆေးပေးခန်းအသစ်တည်ဆောက်ခြင်း | ၇ | | √ | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၅၆

မ - ၁၈

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

## လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



